# သိုက်ကုန်းကျေးရွာအုပ်စု၊ကျုံတာကျေးရွာ

# မအူပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း(၂၀၂၃-၂၀၂၄)




ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

သိုက်ကုန်းကျေးရွာအုပ်စု၊ ကျုံတာကျေးရွာ ၊ မအူပင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃၊ ဩဂုတ်လ

မာတိကာ

| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | ကျုံတာကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ ၊မအူပင်မြို့ | |
| ၁ | တည်နေရာ နှင့် ပထဝီဝင်အနေအထား | |
| ၂ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | |
| ၃ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | |
| ၄ | စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ<br>(က)သီးနှံစိုက်ပျိုးရေး<br>(ခ)မွေးမြူရေးလုပ်ငန်း<br>(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ<br>(ဃ)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ<br>(က)ကျေးလက်သယ်ယူပို့ဆောင်ရေး<br>(ခ)ကျေးရွာမီးလင်းရေး<br>(ဂ)သတင်း နှင့် ဆက်သွယ်ရေး | |
| ၆ | ပညာရေး | |
| ၇ | ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေ | |
| ၈ | ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | |
| ၁၀ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) ဝမ်းစာဖူလုံမှုဇယား | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ ကျုံတာ ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံး သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ် သောနည်းပညာများပံ့ပိုးပေးသည့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင် ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထု ကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်း ပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စဉ် များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာ ပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့်

လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မအူပင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်** တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျုံတာကျေးရွာ ၊ မအူပင်မြို့နယ်

# မအူပင်မြို့နယ်၊ သိုက်ကုန်းကျေးရွာအုပ်စု၊ကျုံတာကျေးရွာ၏ သယံဇာတပြမြေပုံ



# မအူပင်မြို့နယ်၊ သိုက်ကုန်းကျေးရွာအုပ်စု၊ကျုံတာကျေးရွာ၏ ရာသီခွင်ပြပုံ

ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | လများ / အကြောင်းအရာ | ဇန်နဝါရီ ပြာသို | ဖေဖော်ဝါရီ တပို့တွဲ | မတ် တပေါင်း | ဧပြီ တန်ခူး | မေ ကဆုန် | ဇွန် နယုန် | ဇူလိုင် ဝါဆို | ဩဂုတ် ဝါခေါင် | စက်တင်ဘာ တော်သလင်း | အောက်တိုဘာ သီတင်းကျွတ် | နိုဝင်ဘာ တန်ဆောင်မုန်း | ဒီဇင်ဘာ နတ်တော် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | ပဲရိတ် | | ပဲသိမ်း | | | မိုးစပါးစိုက် | | | | | မိုးစပါးသိမ်း | |
| ၃ | လက်လုပ်လက်စားမိသားစု ဝင်ငွေရရှိမှု | နည်း | နည်း | များ | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | များ | နည်း |
| ၄ | အသုံးစရိတ် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | | | ရှုပ် | ရှုပ် | | | | | | | ရှုပ် | |
| ၆ | သောက်သုံးရေရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရိစ္ဆာန်ရောဂါကျရောက်မှု | ကြက်/ဝက် | | | | | ကြက်/ဝက် | | | | | | |
| ၈ | ကျန်းမာရေးအခြေအနေ | | | | | | ရာသီ တုတ်ကွေး | ရာသီ တုတ်ကွေး | | | | | |
| ၉ | သီးနှံရောဂါကျရောက်မှု | ဒီးမှုံ့ပိုး | | | | | | | | | | အာလူးပင်ကြွက်ပိုး | |
| ၁၀ | ပွဲတော် | | | | | | | | | တကျားပွဲ | | ကထိန် | |
| ၁၁ | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျုံတာကျေးရွာ

## Venn Diagram



## အခန်း(၁)

## တည်နေရာ နှင့် ပထဝီဝင်အနေအထား

ကျေးရွာသည် ချောင်းဘေးဝဲယာတည်ရှိပြီး အရှေ့ဘက်တွင် အရာတော်ချောင်း ရှိပါသည်။အုပ်ချုပ်ရေးရုံးစိုက်ရာ ခရိုင်မြို့တော် မအူပင်မြို့ နှင့် ဆက်သွယ် သွားလာရ လွယ်ကူပါသည်။

ကျေးရွာသည် ပထဝီအနေအထား အရ မြေပြန့်ဒေသဖြစ်ပါသည်။ သိုက်ကုန်းကျေးရွာအုပ်စု တွင် ပါဝင်ပါသည်။ ဒေသတစ်နှစ် ပျမ်းမျှမိုးရေချိန် လက်မ (၁၁.၄၆”) မှ (၂၁.၅၄”) ဝန်းကျင် ရှိပါသည်။ မအူပင်မြို့နယ် နှင့် မိုင်(၅)မိုင်ကွာဝေးပါသည်။

## အခန်း(၂)

## ရာသီဥတု နှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် ၊သီးနှံများစိုက်ပျိုးရာ၌ ရာသီဥတုမမှန်ခြင်း၊ ရိတ်သိမ်းချိန်တွင် မိုးများ ခြင်းတို့ကြောင့် အထွက်နှုန်းများ လျော့နည်းလာသည်ကို တွေ့ရှိ ပါသည်။ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်သော ကျေးရွာလည်းဖြစ်ပါသည်။ ရေလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## အခန်း(၃)

## ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အဖွဲ့အစည်း(၅)ဖွဲ့ ရှိပြီး ဂေါပကအဖွဲ့သည် ကျန်အဖွဲ့ကို ဦးဆောင် ဦးရွက်ပြုဆောင်ရွက်သည်ကို လေ့လာတွေ့ရှိရပါသည်။ကျေးရွာအနေဖြင့် သီးခြားကဲ့သို့ တည်ရှိနေသောကြောင့် အစည်းအဝေးများ ကျင်းပသော်လည်းကြုံသလို ကျင်းပခြင်း၊ အကြောင်းကိစ္စရှိမှသာ အစည်းအဝေးပြုလုပ်ခြင်း၊ အစည်းအဝေးမှတ်တမ်းများမထားဘဲ နှုတ် ကတိဖြင့်သာ ဆောင်ရွက်တက်ခြင်းရှိပါသည်။ သာရေးနာရေး ကိစ္စရပ်များတွင် စာရင်းရှင်း လင်း ပြသမှုရှိကြောင်း သိရှိရပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်း မရှိပါကြောင်း တွေ့ရပါသည်။

### အခန်း(၄)

## စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာမြေဧက (၄၄၆)ရှိသည့်အနက် စပါးစိုက်ပျိုးရာတွင် မိုးစပါး၊ နွေစပါး သီးထပ်စိုက်ပျိုးပါသည်။ မြေဆီလွှာမှာ အရည်အသွေး အသင့်အတင့်ကောင်းမွန် ပြီး ဓါတ်မြေသြဇာ အသုံးပြုမှုများပြားကြောင်း တွေ့ရပါသည်။ စိုက်ပျိုးနည်းစနစ်အနေဖြင့် မိရိုးဖလာကျဲခင်းစနစ်ကိုသာ အသုံးပြုကြောင်း တွေ့ရှိရပါသည်။ မြေယာမဲ့ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၁၄)စု ရှိပါသည်။ ရိတ်သိမ်းပြီးကာလပြီးဆုံးပါက ရေလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း အတွက် ချောင်းရေကို အဓိကထား၍ တစ်နှစ်ပတ်လုံး လုံလောက်စွာ သုံးစွဲရရှိနိုင်ပါသည်။ စိုက်ဧက(၄၄၆)ဧကရှိပြီး နွေစပါး၊ မိုးစပါးအလည့်ကျစိုက်ပျိုး နေကြကြောင်းတွေ့ရှိရပါသည်။ ၎င်းအပြင် ရက်(၉၀)စပါးကိုလည်း စိုက်ပျိုးကြပါသည်။ လယ်ယာသုံးစက် ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပြီး ကျန် အိမ်ထောင်စုမှာ ငှားရမ်းသုံးစွဲကြရပါသည်။ စိုက်ပျိုးရေးချေးငွေများကြောင့် လယ်သမားများအတွက် လိုအပ်သော သွင်းအားစုများကို မအူပင်မြို့သို့ သွားရောက်ဝယ်ယူရပါသည်။ စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုနှင့် ထုတ်ကုန်များ လွယ်ကူစွာရရှိနိုင်မည်ဆိုပါက ပိုမိုအဆင် ပြေပါကြောင်း တွေ့ရှိရပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာ နှင့် အခက်အခဲမှာ လယ်ယာမြေများ မတိုးချဲ့နိုင်ခြင်း၊ဖျတ်ပိုး နှင့် ရောဂါများအား မတားဆီးနိုင်ခြင်းစသည့် အခက်အခဲများရှိကြောင်း တွေ့ရှိရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျုံတာကျေးရွာတွင် စက်ကိရိယာများ အသုံးပြုခြင်းကြောင့် ကျွဲ၊နွား မွေးမြူခြင်း နည်းပါးပါသည်။ကြက် နှင့် ဘဲသာ အများဆုံးမွေးမြူကြပါ သည်။ ရေချိုငါးဖမ်း လုပ်ကိုင်သူများသည် ချောင်း၊မြောင်းနှင့် အင်းအိုင်များတွင် အခကြေးပေး၍ လုပ်ကိုင်ကြရပါသည်။ အိမ်ထောင်စု အနည်းငယ်မှာ ငါးပိ၊ငါးခြောက်များပြုလုပ်၍ မြို့ပေါ်သို့ တင်ပို့ကြပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေနေရာအဆင်ပြေသောကြောင့် သားငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နိုင်သည့် အခွင့်အလမ်း ရှိသော်လည်း အရင်းအနှီးများ နှင့် နည်းပညာအထောက်အကူများစွာ လိုအပ်ကြောင်း တွေ့ရှိရပါသည်။ အရင်းအနှီးများ နှင့်

နည်းပညာအထောက်အကူအညီပေးနိုင်ပေးနိုင်လျှင် စီးပွားရေး လုပ်ကိုင်ရန် ပိုမိုလွယ်ကူကြောင်း လေ့လာတွေ့ရှိရပါသည်။ ကြက်၊ ဝက်၊ ဘဲများ တနိုင်တပိုင်မွေးမြူကြပြီး ငါး၊ ပုဇွန်မွေးမြူ သူမရှိပါ။မြစ်၊ ချောင်းများတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သာရှိကြောင်း တွေ့ရှိ ရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းအပြင် လယ်လုပ်သား၊ငါးဖမ်းလုပ်သားများ လုပ်ကိုင်သူများလည်းရှိကြောင်းတွေ့ရှိရပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေ အများ အပြားရှိပါ သည်။

## (ဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆိုင်ရာဝန်ဆောင်မှု

မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းထုတ်ချေးပါသည်။ အများဆုံးထုတ်ချေးသည့် ဧကမှာ လယ်သမား(၁)ဦးလျှင် (၁၀) ဧက ဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်ပါသည်။ မိတ်ဆွေများထံမှ ထုတ်ချေးလျှင် (၅)ကျပ်မှ (၁၀)ကျပ်အထိအတိုးနှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။

# အခန်း(၅)

## အခြေခံ အဆောက်အဦ နှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကွန်ကရစ်တံတား(၄)စင်း နှင့် သစ်တားတံတား (၁)စင်းရှိပါသည်။ တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ မအူပင်မြို့ပေါ်သို့ ကုန်းလမ်း၊ ဆိုင်ကယ်ကယ်ရီများ၊ ထော်လာဂျီများဖြင့် သွားလာကြပါသည်။ ကျေးရွာချင်းဆက်လမ်းသည် မြေသား လမ်းဖြစ်နေသောကြောင့် ပွင့်လင်းရာသီတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် သွားလာရန် အခက်အခဲရှိနေပါကြောင်း တွေ့ရှိရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်အိမ်ထောင်စုအနည်းစုသည် ဆိုလာစနစ်ကိုသာ အသုံးပြုကြပြီး ကျန် အိမ်ထောင်စုအများစုမှာ ဘတ္တရီအိုးများကို အခြားကျေးရွာသို့ သွားရောက်ပြီး

အခကြေးငွေဖြင့် အားသွင်းနေရပါကြောင်း တွေ့ရပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော မိသားစု (၁၀)ဦးတွင် ဖယောင်းတိုင်မီးထွန်း၍ အသုံးပြုနေရကြောင်း တွေ့ရှိရပါသည်။

### (ဂ) သတင်း နှင့် ဆက်သွယ်ရေး

။ကျုံတာကျေးရွာတွင် ဖုန်းအသုံးပြုသူများသောကြောင့် ဆက်သွယ်ရေး ကောင်းမွန်ကြောင်း နှင့် ရေဒီယိုအသုံးပြုမှု အသင့်အတင့် ရှိပါသည်။တီဗွီ ဂြိုလ်တု စလောင်းများ အသုံးပြုကြပြီး သတင်း အချက်အလက်များ သိရှိကြောင်း တွေ့ ရှိပါသည်။

## အခန်း(၆)

### ပညာရေး

ကျေးရွာတွင် ပညာတက်မြောက်မှု နှုန်းမှာ အသင့်အတင့် မျှသာ ကောင်းမွန်စွာ တက်မြောက်ကြောင်းတွေ့ရပါသည်။ ဘုန်းကြီးကျောင်းပညာရေးစနစ် မရှိကြောင်းနှင့် ကျေးရွာတွင် စာမတက်သူဦးရေမရှိပါကြောင်း တွေ့ရပါသည်။ မူလတန်း ပညာရေး ပြီးဆုံးသူဦးရေ များဆုံး တွေ့ရပါသည်။ နို့စို့အရွယ်(၄)ဦး နှင့် (၅)နှစ်အောက်ကလေးငယ် (၂၉)ဦးရှိပါကြောင်း သိရှိရပါသည်။ စီးပွားရေးအနေနှင့် အသိပညာဗဟုသုတ နည်းပါး ကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် မူလတန်း အဆင့်ပညာသင်ကြားသူများ သော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ကြားသူနည်းပါးကြောင်း တွေ့ရ ပါသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသည့်အတွက် အခြားကျေးရွာရှိ စာသင်ကျောင်းသို့ သွားရောက်ပညာသင်ကြားနေရပြီး ကျောင်းသူ/သူများ ပွင့်လင်းရာသီ ခြေလျင် သွားကြပြီး ကျန်အချိန်များတွင် စက်လှေသေးများဖြင့် သွားရောက်တက်ရောက်နေသည်ကို တွေ့ရ ပါသည်။ အထက်တန်းကို ကျေးရွာ နှင့် (၁)မိုင်ခန့်ဝေးသည့် လက်ပံကုန်းသို့ တက်ရောက် နေသည်ကို တွေ့ရှိရပါသည်။

## အခန်း(၇)

### ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားသောရောဂါမှလွဲ၍ ကျန်ရောဂါများဖြစ်ပွားမှု နည်းကြောင်းတွေ့ရပါသည်။ အခြားကူးစက်ရောဂါများ နှင့် ရောဂါကြီးများ ဖြစ်ပေါ်မှု မရှိသလောက် နည်းပါးကြောင်း တွေ့ရပါသည်။လွန်ခဲ့သော(၁၂)လအတွင်း ပိုလီယိုကာကွယ်

ဆေးထိုးခြင်း၊မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) နှင့် ဝက်သက်ရောဂါကာကွယ် ဆေးများကို တာဝန်ကျကျန်းမာရေးဌာန ဆရာ/ဆရာမများမှ ပုံမှန်ဆောင်ရွက်လျက်ရှိပါ သည်။ အာဟာရ မှတ်တမ်းယူမှု နှင့် ပညာပေးအစီအစဉ်များမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲ နှင့် (၁)မိုင်ခန့် ကွာဝေးပါသည်။ အရေပေါ်များ ဖြစ်ပေါ် လာပါက (၅)မိုင်ခန့် ကွာဝေးသော မအူပင်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသနေရပါသည်။ ပွင့်လင်းရာသီရာတွင် သွားလာရအဆင်ပြေသော်လည်း မိုးတွင်းကာလ၌ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် အလွန်ပင် အခက်အခဲရှိနေပါကြောင်း လေ့လာတွေ့ရှိရပါ သည်။။။ကျုံတာကျေးရွာတွင် အိမ်ထောင်စုအများစုသည် မြစ်/ ချောင်းရေကိုသာ အဓိကထား သောက်သုံးနေရပြီး ချောင်းရေသည် မိုးဦး နှင့် နွေရာသီတွင် (ရွံ့နွံများ) ရောနှောနေ သောကြောင့် သောက်သုံးရန် အခက်အခဲရှိပါကြောင်း တွေ့ရှိရပါသည်။ ယင်လုံအိမ်သာ အများစုသုံးစွဲကြောင်း တွေ့ရှိရ ပါသည်။

## အခန်း(၈)

## ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများ၊ ကျောက်ခဲ၊ ကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဝင်အပင်အနည်းငယ်ရှိသော်လည်း အသုံးပြုမှုနည်းပါးပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော(၆၄)နှစ်အထက် အမျိုးသားနှင့် အမျိုးသမီးမရှိပါ။ အခြားဒေသသို့ အချိန်ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသောမိသားစု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ မိုးရွာသွန်းမှုများ၍ မြစ်ရေတက်မှုကြောင့် လယ်ကွင်းများ ရေလွှမ်းမိုးမှုရှိသော်လည်း ပျက်စီးမှုအနည်းငယ်သာရှိပြီး ထိုအတူ ဖျက်ပိုးကျရောက်မှုများသည်လည်း နှစ်စဉ်ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိကြောင်း တွေ့ရှိ ရပါသည်။

## အခန်း(၉)

## ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏လူဦးရေမှာ(၁)နှစ်အောက်ကလေး အနည်းငယ်သာရှိ ပြီး အလုပ်လုပ် နိုင်သောလူဦးရေမှာ ရွာလူဦးရေ၏ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါကြောင်း လေ့လာ

တွေ့ရှိရပါသည်။စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/အမျိုးသမီးအနည်းကွာဟမှုရှိပါသည်။ လုပ်ငန်းများ အနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။ ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်မျှသာ ကောင်းမွန်စွာ တက် မြောက်ကြောင်းတွေ့ရပါသည်။ ဘုန်းကြီးကျောင်းပညာရေးစနစ် မရှိကြောင်းနှင့် ကျေးရွာ တွင် စာမတတ်သူဦးရေမရှိပါကြောင်း တွေ့ရပါသည်။ မူလတန်း ပညာရေး ပြီးဆုံးသူဦးရေ များဆုံး တွေ့ရပါသည်။ နို့စို့အရွယ်(၄)ဦး နှင့် (၅)နှစ်အောက်ကလေးငယ် (၂၉)ဦးရှိပါကြောင်း သိရှိရပါသည်။ စီးပွားရေးအနေနှင့် အသိပညာဗဟုသုတနည်းပါးကြောင်း တွေ့ရှိရ ပါသည်။ ကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲရေးစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိသလောက် နည်းပါးပြီး အမျိုးသမီးရေးရာ အကြမ်း ဖက်မှုများတွင် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများ အတွက် လူထုနေ အသိအမြင် အားနည်း ကြောင်း တွေ့ရှိပါသည်။

**အခန်း(၁၀)**

**မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာအုပ်စု၊ ကျုံတာကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

| စဉ် | အဆိုပြုစီမံချက်အမည် | ပေးမှတ် (၁) မှ (၁၀၀) | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၉၀ | ၁ |
| ၂ | ရေသန့်စင်စနစ် | ၈၅ | ၂ |
| ၃ | ဆေးပေးခန်း | ၈၀ | ၃ |
| ၄ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၇၅ | ၄ |
| ၅ | ကုန်ထုတ်တံတားတည်ဆောက်ခြင်း | ၇၀ | ၅ |

**မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာအုပ်စု၊ ကျုံတာကျေးရွာ**

**အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ခြင်း**

| စဉ် | အဆိုပြုစီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ရေသန့်စင်စနစ် | ၂ | √ | | | | |
| ၃ | ဆေးပေးခန်း | ၃ | | | √ | | |
| ၄ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၄ | | | | √ | |
| ၅ | ကုန်ထုတ်တံတားတည်ဆောက်ခြင်း | ၅ | | | | | √ |

**မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**သိုက်ကုန်းကျေးရွာအုပ်စု၊ကျုံတာကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကော်မတီစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသောင်းအေး | ဦးထွန်းမွေး | ၁၄/မအပ(နိုင်)၀၆၁၇၃၃ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၇၇၈၇၄၈၆၁၇ |
| ၂ | ဦးပန်းအောင် | ဦးခါးနီတွတ် | ၁၄/မအပ(နိုင်)၀၆၈၃၂၇ | ၅၁ | အတွင်းရေးမှူး | ၀၉-၇၇၆၄၀၂၉၉၅ |
| ၃ | ဦးမြင့်သိန်း | ဦးထွန်းမွေး | ၁၄/မအပ(နိုင်)၀၆၁၈၇၄ | ၅၈ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၀၁၇၁၂၇၄ |
| ၄ | ဦးမောင်မောင်သွင် | ဦးရန်ဟိုး | ၁၂/ရပသ(နိုင်)၀၄၃၂၂၅ | ၄၆ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ | ၀၉-၇၆၂၁၀၈၃၁၁ |
| ၅ | ဒေါ်စုမြတ်မွန် | ဦးလှရင် | ၁၄/မအပ(နိုင်)၂၈၇၄၇၈ | ၂၇ | စာရင်းကိုင် | ၀၉-၇၈၁၀၅၆၃၀၂ |
| ၆ | ဦးမင်းဆွေ | ဦးထွန်းအေး | ၁၄/မအပ(နိုင်)၀၆၁၈၇၃ | ၆၁ | အဖွဲ့ဝင် | ၀၉-၈၉၂၁၀၀၇၁ |
| ၇ | ဦးသန့်ဇင် | ဦးစိန်သောင်း | ၁၄/မအပ(နိုင်) | ၄၈ | အဖွဲ့ဝင် | ၀၉-၉၇၁၄၈၂၂၁၃ |
| ၈ | ဦးသိန်းဇော် | ဦးညွန့် | ၁၄/မအပ(နိုင်)၁၄၈၉၄၅ | ၄၅ | အဖွဲ့ဝင် | ၀၉-၄၂၂၅၄၀၇၇၁ |
| ၉ | ဦးဝင်း | ဦးတင်စိန် | ၁၄/မအပ(နိုင်)၀၆၁၈၀၁ | ၇၁ | အဖွဲ့ဝင် | ၀၉-၇၇၈၇၆၂၁၃၅ |
| ၁၀ | ဦးတင်ဝင်း | ဦးထွန်းရင် | ၁၄/ကလန(နိုင်)၀၅၇၇၄၀ | ၅၆ | အဖွဲ့ဝင် | ၀၉-၇၇၃၁၇၃၆၇၆ |
| ၁၁ | ဦးအောင်ဆန်းဗိုလ် | ဦးအောင်သန်းလေး | ၁၄/မအပ(နိုင်) | ၃၂ | အဖွဲ့ဝင် | ၀၉-၄၀၂၅၇၇၆၈၃ |
| ၁၂ | ဒေါ်အယ်ဒီးနာ | ဦးမောင်လေး | ၁၄/မအပ(နိုင်)၀၆၁၇၈၁ | ၅၅ | အဖွဲ့ဝင် | ၀၉-၇၉၈၇၃၂၄၀၅ |
| ၁၃ | ဒေါ်အေးခိုင် | ဦးတင်ငွေ | ၁၄/မဂဒ(နိုင်)၀၂၆၅၁၆ | ၅၃ | အဖွဲ့ဝင် | ၀၉-၇၆၈၃၉၁၈၃၇ |

**မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**သိုက်ကုန်းကျေးရွာအုပ်စု၊ကျုံတာကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကော်မတီစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁၄ | ဒေါ်ချို | ဦးငွေပန်း | ၁၄/မအပ(နိုင်)၂၄၉၀၇၁ | ၄၉ | အဖွဲ့ဝင် | ၀၉-၇၁၆၅၉၀၅၃၉ |
| ၁၅ | ဒေါ်မြင့်မြင့်မော် | ဦးပီတာ | ၁၄/မအပ(နိုင်)၁၉၈၀၀၃ | ၃၇ | အဖွဲ့ဝင် | ၀၉-၇၇၈၇၇၄၆၈၉ |

**နောက်ဆက်တွဲ (၃)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၈ | ၂၉ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၄ | ၅၂ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၃ | ၂၉ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၅ | ၁၄၈ | ၂၉၃ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၁၉ | ၃၉ | - | - |
| **စုစုပေါင်း** | | **၂၂၂** | **၂၂၄** | **၄၄၆** | **-** | **-** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၁၀** | | | | |

**ရင်းမြစ်** ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည် မှ အသက် (၁၅) နှစ်မပြည့်မီအရွယ် ၊၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည ်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့် အထက် ဆိုသည် မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျုံတာကျေးရွာ၏လူဦးရေမှာ(၁)နှစ်အောက်ကလေး အနည်းငယ်သာရှိ ပြီး အလုပ်လုပ်နိုင်သောလူဦးရေမှာ ရွာလူဦးရေ၏ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါကြောင်းတွေ့ရှိ ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | ၁၂၅ | ၃ | ၆၅ | ၆၀ | ၂၈ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၅၀ | ၉ | ၂၈ | ၂၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၀ | ၂၈ | | ၁၂ | ၁၆ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | | | ၁၀ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | | | ၁၃ | | ၁၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၉ | | | | | ၁၁ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၁၀ | ၂၀၃ | ၁၂ | ၁၂၈ | ၉၈ | ၅၇ | ☒ |

ရင်းမြစ် … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျုံတာကျေးရွာတွင် စိုက်ပျိုးရေး နှင့် မွေးမြူရေး လုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေး နှင့် ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×**၈**)

လေ့လာတွေ့ရှိချက်။ ။ကျုံတာကျေးရွာတွင် စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အလုပ်သမားလုပ်အားခများအနေဖြင့် အမျိုးသား/အမျိုးသမီး အနည်းကွာဟမှု ရှိပါသည်။ လုပ်ငန်းများအနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခရရှိကြပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၄၄၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၄၈ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ် ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီး သန့် လျာ ထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ ဧက(၄၄၆) ရှိသည့်အနက် စပါးစိုက်ပျိုးရာတွင် မိုးစပါး၊နွေစပါး သီးထပ်စိုက်ပျိုးပါသည်။ မြေဆီလွှာ အရည်အသွေးအနေဖြင့် အသင့် အတင့်သာ ကောင်းမွန်ပြီး ဓါတ်မြေဩဇာ အသုံးပြုမှုများပြားကြောင်း၊ စိုက်ပျိုးနည်းစနစ် အနေဖြင့် မိရိုးဖလာ ကျဲခင်းစနစ်ကိုသာ အသုံးပြုကြောင်း တွေ့ရှိပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ** (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ် စသည်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ** (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေပေါ်ရေ** | များ ☐ သင့်☑ | လွယ် ☑ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | နည်း ☐ မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝသယံဇာတများ မရှိသလောက် ရှားပါးပါ သည်။ ကျေးရွာအနီးနားတွင် နွေရာသီ၌ သဲသောင်များမှ သဲကို သယ်ယူရရှိနိုင်ကြောင်း လေ့လာ တွေ့ရှိရ ဖြပါသည်။ စားကျက်မြေများ မရှိသော်လည်း ကျွဲနွားများအတွက် အစာကို လယ်ဘေး မြက်ခင်းများမှ အလွယ်တကူ ဖူလုံစွာ ရရှိနိုင်ပါသည်။ဆေးဘက်ဝင်အပင်များအနေဖြင့် ဒေသ အတွင်း သာမာန် တွေ့ရများသော အပင်များသာ ရှိကြပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသောအိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သောအိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့်** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅ | ၄၅ | ၄၀ | ၂၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျုံတာကျေးရွာတွင် ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၅)စု၊ အလယ်အလတ်အိမ်ထောင်စု(၄၅)စု၊ ဆင်းရဲသောအိမ်ထောင်စု(၄၀)စု၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၀)စုရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာ၌ ဆင်းရဲမှုများပြီး အလုပ်အကိုင် အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၈ | ၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _____၃____<br>လုပ်အားခကြိုယူ = ______၅____ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၁၀ | ၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____၆_____<br>လုပ်အားခကြိုယူ = _____၄_____ |
| ၆လမှ၁၂လအထိ | | | အခြားအစာပြောင်းလဲစား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဝမ်းစာဖူလုံမှု | | | အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျုံတာကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စု (၄၀)စု ၊အလွန်ဆင်းရဲသော အိမ်ထောင်စု(၂၀)စု စုစုပေါင်း (၆၀)အိမ်ထောင်စုအနက် (၃လ)အောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စု(၈)စု ရှိပြီး ငွေချေးငှားခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် ဖြေရှင်းဆောင်ရွက်ကြ ပါသည်။ (၃လ) နှင့် (၆လ)အထိ ဝမ်းစာဖူလုံမှု ရှိသော အိမ်ထောင်စုမှာ(၁၀) အိမ်ထောင်စုရှိပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း မိသားစုစောင့်ရှောက်မှု မရှိဘဲ တစ်ယောက်တည်းနေ သက်ကြီးရွယ်အိုများ၊လူဦးရေးများ၍ ဆင်းရဲသောအိမ်ထောင်စု မရှိကြောင်း တွေ့ရှိရပါသည်။ အခြားဒေသတွင် ပြောင်းရွှေ့လုပ်ကိုင်နေသောအိမ်ထောင်စုများ၊လူဦးရေများ၍ ဆင်းရဲသော

အိမ်ထောင်စုမရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် အလုပ်ကိုင်ရှားပါးချိန်တွင် နီးစပ်ရာ ဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် တွေ့ရှိရပါသည်။

### (င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျောင် | ✓ | | | ✓ | | |
| ၈ | အပူလွန်ကဲခြင်း | | ✓ | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလွန်ကဲခြင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | ✓ | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | | လတ် | မြင့် | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။

အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျုံ့တာကျေးရွာသည် သဘာဝဘေးဖြစ်ပေါ်မှုနည်းပါး၍ စားနပ်ရိက္ခာ

ဖူလုံမှုအနည်းငယ်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုအနည်းငယ် မှ ဝမ်းစာဖူလုံမှု လုံလောက်မှုရှိသော်လည်း ဆင်းရဲသည့်အိမ်ထောင်စု (၂၀)မှ ဝမ်းစာဖူလုံမှု မရှိပါကြောင်း တွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခု ကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့် လိုက်လျော ညီထွေ ဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✓ | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု / ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✓ | | | ✓ | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | | ✓ | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခု ကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့် လိုက်လျော ညီထွေ ဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | - | | | - | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | | | - | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | ✓ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | ✓ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။**

**။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

လေ့လာတွေ့ရှိချက်။ ။ကျုံ့တာကျေးရွာတွင် အိမ်ထောင်စုထိခိုက်ခံရနိုင်သည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများတွင် ထိခိုက်မှုလွယ်နိုင်သည်ကို တွေ့ရပါသည်။ ကျန်အိမ်ထောင်စုများ ကျပန်းလုပ်ကိုင်ရှာဖွေစားသောက် နေသူများဖြစ်ပါသည်။သဘာဝဘေးအန္တရယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ အားနည်းကြောင်း တွေ့ရှိရပါသည်။

(၂)  ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)  ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)  ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
